# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
## ညွှန်ကြားချက်အမှတ်၊ ၂/၂၀၁၇
## နေပြည်တော်၊၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် (၉)ရက်
## ၂၀၁၇ ခုနှစ် ဇူလိုင်လ (၁၅)ရက်

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၆၈ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ၁၉-၅-၂၀၁၇ ရက်နေ့တွင် ကျင်းပသည့် အသေးစားငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီအစည်းအဝေး အမှတ်စဉ် (၃/၂၀၁၇) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအရ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် ဤညွှန်ကြားချက် အမှတ် (၂/၂၀၁၇) ကို ထုတ်ပြန်လိုက်သည်။

၂။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီသည် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများမှ မတည်ငွေရင်းထည့်ဝင်ခြင်း၊ မတည်ငွေရင်းတိုးမြှင့်ခြင်းနှင့်ပတ်သက်၍ တည်ဆဲ ဥပဒေများနှင့်ညီညွတ်စေရန် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(က) ပြည်ပကုမ္ပဏီများအနေဖြင့် မတည်ငွေရင်းထည့်ဝင်ခြင်း၊ တိုးမြှင့်ခြင်းဆောင်ရွက်ရာတွင် မတည်ငွေရင်းအား ပြည်ပနိုင်ငံရှိ မိခင်ကုမ္ပဏီမှထည့်ဝင်ခြင်းဖြစ်ပါက မိခင်ကုမ္ပဏီသည် တရားဝင်အဖွဲ့အစည်းအဖြစ် ရပ်တည်မှုအနေအထား၊ ၎င်းမတည်ငွေရင်းအတွက် ဝင်ငွေရ ငွေဝင်လမ်းကြောင်းဖော်ပြချက်၊ ၎င်းတို့ ယူဆောင်လာသော မတည်ငွေအရင်းအမြစ်အား သက်ဆိုင်ရာနိုင်ငံ၏ အခွန်စည်းကြပ် ဌာနများတွင် အခွန်ဆောင်ပြီးကြောင်း အထောက်အထား

(ခ) ပြည်တွင်း ကုမ္ပဏီများ၊ အစုစပ်ကုမ္ပဏီများအနေဖြင့် မတည်ငွေရင်း ထည့်ဝင်ခြင်း၊ တိုးမြှင့်ခြင်းဆောင်ရွက်ရာတွင် မတည်ငွေရင်းအားပြည်တွင်းကုမ္ပဏီ၊ ပြည်ပ ကုမ္ပဏီ နှင့် အစုရှယ်ယာရှင်များမှ ထည့်ဝင်ခြင်းဖြစ်ပါက ဝင်ငွေရလုပ်ငန်းဖော်ပြချက်၊ ဝင်ငွေအပေါ် အခွန်ဆောင်ပြီးကြောင်း အထောက်အထား၊ တိုးမြှင့်ထည့်ဝင်ပြီး မတည်ငွေသုံးစွဲမည့်အစီအစဉ်၊ ထားရှိမည့်ဘဏ်၊

(ဂ) INGO, NGO အဖွဲ့အစည်းများအနေဖြင့် မတည်ငွေရင်းထည့်ဝင်ခြင်း၊ တိုးမြှင့်ခြင်း ဆောင်ရွက်ရာတွင် အခြားအဖွဲ့အစည်းများထံမှ လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ရယူဆောင်ရွက်မှုသဘောတူညီချက်၊ အလှူရှင်အဖွဲ့အစည်း၏တရားဝင်မှတ်ပုံတင် ထားရှိမှု အထောက်အထား၊ တိုးမြှင့်မည့်မတည်ငွေရင်းကို အသေးစားငွေရေး ကြေးရေးလုပ်ငန်းတွင် အမှန်တကယ် သုံးစွဲမည် ဖြစ်ကြောင်းဝန်ခံချက်ဖော်ပြပေးရန်၊

၃။ အထက်ပါ သတ်မှတ်ချက်များကို ဈေးကွက် အခြေအနေနှင့်အညီ လိုအပ်ပါကပြင်ဆင် သတ်မှတ်ပေးသွားမည်ဖြစ်သည်။

ကျော်ဝင်း

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက-၁/၆ ( ၂၈၅ /၂၀၁၇)
ရက်စွဲ ၊ ၂၀၁၇ ခုနှစ် ဇူလိုင် လ ၁၇ ရက်

**ဖြန့်ဝေခြင်း**
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး
အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး
ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် တာဝန်ခံများအားလုံး၊
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

အမိန့်အရ

၁၇.၇.၂၀၁၇

(မြင့်ဦး)
အတွင်းရေးမှူး
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ